# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ

# တင်ပြမည့် အကြောင်းအရာများ

- လူဦးရေပြောင်းလဲမှုဖြစ်စဉ်
- မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဆိုင်ရာ အချက်အလက်များ
- လက်ထပ်ထိမ်းမြားမှုနှင့် ကလေးမွေးဖွားမှု
- သေဆုံးမှုနှင့် မျှော်မှန်းသက်တမ်း
- ပြည်တွင်း/ပြည်ပရွှေ့ပြောင်းသွားလာမှုနှင့် မြို့ပြအသွင်ကူးပြောင်းလာမှု
- လုပ်သားအင်အား
- သုံးသပ်ချက်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များ

# နိဒါန်း

- လူဦးရေပြောင်းလဲမှုဖြစ်စဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် မှန်ကန်သော စီမံကိန်းများနှင့် မူဝါဒများ ချမှတ်နိုင်ရန် အဓိကအခန်းကဏ္ဍမှပါဝင်၊
- လူဦးရေပြောင်းလဲလာမှုနှင့်အတူ အချိန်ကိုက်ချမှတ်ထားသည့် မူဝါဒများသည် စီးပွားရေး တိုးတက်မှုနှုန်းကို အရှိန်မြှင့်ရာတွင် သိသာထင်ရှားသော သက်ရောက်မှုများရှိကြောင်း သန်းခေါင်စာရင်းနှင့် သုတေသနများ၏ ရလဒ်များက ထုတ်ဖော်ပြသခဲ့၊
- ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းမှ အချက်အလက်များသည် အတိတ်ကာလ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် ၎င်းဖြစ်စဉ်မှ ပေါ်ထွက်လာသည့် စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို သုံးသပ်ဖော်ထုတ်နိုင်ခဲ့။

# လူဦးရေပြောင်းလဲမှုကို ဖြစ်စေနိုင်သော အဓိကအချက်များ

- မွေးဖွားမှု
- သေဆုံးမှု
- ရွှေ့ပြောင်းသွားလာမှု



# လူဦးရေပြောင်းလဲမှုဖြစ်စဉ် (Demographic Transition)

- ပထမအဆင့် – သေနှုန်းနှင့် မွေးနှုန်းမြင့်မားသည့် အခြေအနေ
- ဒုတိယအဆင့် – သေနှုန်းကျဆင်းပြီး မွေးနှုန်းမြင့်မား သည့် အခြေအနေ
- တတိယအဆင့် – သေနှုန်း ဆက်လက်ကျဆင်းပြီး မွေးနှုန်း စတင်ကျဆင်းလာသည့် အခြေအနေ
- စတုတ္ထအဆင့် – မွေးဖွားမှုနှင့် သေဆုံးမှု အကြား မျှခြေ အခြေအနေ
- ပဉ္စမအဆင့် – မွေးနှုန်းသည် အစားထိုးနိုင်သည့် အဆင့်အောက် ကျရောက်ပြီး သေနှုန်းသည် မွေးနှုန်း အထက်တွင်ရှိသော အခြေအနေ



# မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှု (၁၈၇၂-၂၀၂၄)



# မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ (၁-၁၀-၂၀၂၃)*

| | လူဦးရေသန်းပေါင်း | | | ရာခိုင်နှုန်း | | |
|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ပြည်ထောင်စု | ၅၆,၂၄၃,၀၀၀ | ၂၆,၈၆၆,၀၀၀ | ၂၉,၃၇၇,၀၀၀ | ၁၀၀ | ၄၈ | ၅၂ |
| လူဦးရေတိုးနှုန်း | ၀.၈၆% | | | | | |

* ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

# မြန်မာနိုင်ငံ၏ လူဦးရေပိရမစ်




| အသက်အုပ်စုကြီး | ၁၉၈၃ | ၂၀၁၄ | ၂၀၁၉ | ၂၀၂၃ |
|---|---|---|---|---|
| ၁၅ နှစ်အောက် | ၃၈.၆ | ၂၈.၆ | ၂၇.၂ | ၂၆.၁ |
| ၁၅ – ၆၄ နှစ် | ၅၇.၅ | ၆၅.၆ | ၆၆.၄ | ၆၆.၇ |
| ၆၅ နှစ်နှင့်အထက် | ၃.၉ | ၅.၈ | ၆.၄ | ၇.၃ |

- အသက်အုပ်စုကြီးအလိုက် လူဦးရေပါဝင်မှု အချိုးအစား ပြောင်းလဲလာကြောင်း တွေ့ရှိရ။
- ကလေးပါဝင်မှု အချိုးအစား ကျဆင်းလာပြီး အလုပ်လုပ်နိုင်သူဦးရေနှင့် သက်ကြီးရွယ်အို အချိုးအစား မြင့်တက်။

# လူဦးရေတိုးနှုန်း (၁၉၇၃ – ၂၀၅၀ ခုနှစ်)




သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ အချက်အလက်များကို အခြေခံ၍ တွက်ချက်ထားပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းခြင်း နည်းစနစ်ဖြင့် တွက်ချက်ထားပါသည်။

# လူဦးရေခန့်မှန်းခြင်း (၂၀၁၄ - ၂၀၅၀)




၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံပြီး လူဦးရေခန့်မှန်းရာတွင် မြန်မာနိုင်ငံ၏ လူဦးရေသည် သက္ကရာဇ် ၂၀၅၀ ၌ ၆၅ သန်းခန့် ရှိလာမည်ဟု ခန့်မှန်းရရှိ။

# ကျား/မ အချိုး

- ၂၀၁၄ သန်းခေါင်စာရင်း – အမျိုးသမီး (၁၀၀) ဦးတွင် အမျိုးသား (၉၃) ဦးရှိ။
- **၂၀၂၃ ခန့်မှန်း** – အမျိုးသမီး (၁၀၀) ဦးတွင် အမျိုးသား (၉၁) ဦးရှိ။
- တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုးကွာခြားမှု မြင့်မား။
- မြန်မာပြည် အလယ်ပိုင်းဒေသတွင် ကျား/မအချိုး သိသာစွာ နည်းပါး။



# မှီခိုသူအချိုးနှင့် သက်ကြီးရွယ်အိုဆိုင်ရာ အညွှန်းကိန်းများ

| အချိုး | ၁၉၈၃ | ၂၀၁၄ | ၂၀၁၉ | ၂၀၂၃ |
|---|---|---|---|---|
| စုစုပေါင်းမှီခိုသူအချိုး | ၈၁.၆ | ၆၀.၁ | ၅၉.၄ | **၅၉.၆** |
| ကလေးမှီခိုသူအချိုး | ၇၀.၀ | ၄၅.၈ | ၄၃.၃ | **၄၁.၆** |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၁၁.၅ | ၁၄.၂ | ၁၆.၁ | **၁၈.၀** |
| အလားအလာရှိသော ထောက်ပံ့မှုအချိုး | ၈.၇ | ၇.၀ | ၆.၂ | **၅.၅** |

မှတ်ချက်။ အသက် (၆၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို ဆန်းစစ်လေ့လာထားပါသည်

- **၁၉၈၃ – ၂၀၂၃ ခုနှစ်** – စုစုပေါင်းမှီခိုသူအချိုးနှင့် ကလေးမှီခိုသူအချိုးကျဆင်း၊ သက်ကြီးရွယ်အို မှီခိုသူအချိုး မြင့်တက်။
- **အလားအလာရှိသော ထောက်ပံ့မှုအချိုး –**
  - ✓ ၁၉၈၃ – အသက် (၆၀+) လူတစ်ဦးလျှင် အလုပ်လုပ်နိုင်သူ (၉) ဦး
  - ✓ ၂၀၂၃ – အသက် (၆၀+) လူတစ်ဦးလျှင် အလုပ်လုပ်နိုင်သူ (၆) ဦး

# အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုသည့် အမျိုးသမီးရာခိုင်နှုန်း




- ပြည်ထောင်စု
  - ✓ ၂၀၀၀-၂၀၀၄ – ၁၄.၄%
  - ✓ ၂၀၁၅-၂၀၁၉ – ၁၁.၈ %
- ရှမ်းပြည်နယ်၊ ချင်းပြည်နယ် – အမြင့်ဆုံး၊
- ရန်ကုန် – အနိမ့်ဆုံး၊

# စုစုပေါင်းကလေးမွေးနှုန်း (၂၀၁၄၊ ၂၀၁၉)




- တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ ကလေးမွေးနှုန်းများကျဆင်းလျက်ရှိ။
- ကလေးမွေးနှုန်းသည် ကျေးလက်ဒေသနှင့် အချို့ပြည်နယ်များတွင် မြင့်မားဆဲဖြစ်၊
- ချင်းပြည်နယ်သည် ကလေးမွေးနှုန်း (၃.၄) ဦးဖြင့် အမြင့်ဆုံးရှိနေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး သည် (၁.၆) ဦးဖြင့် အနိမ့်ဆုံး ဆက်လက်တည်ရှိနေဆဲ။

# ဆက်ကျော်သက်များ၏ လက်ရှိမွေးဖွားမှုအခြေအနေ ခန့်မှန်းခြင်း

| ဆယ်ကျော်သက်အရွယ် ကလေးမွေးဖွားမှု (အမျိုးသမီး ၁,၀၀၀ ဦးတွင်) | အသက် | | | | |
|---|---|---|---|---|---|
| | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ |
| ၂၀၁၄ သန်းခေါင်စာရင်း | ၃ | ၁၁ | ၂၁ | ၃၅ | ၅၃ |
| ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း | ၂ | ၁၀ | ၁၉ | ၃၁ | ၄၇ |

- ဆယ်ကျော်သက်အရွယ်ကလေးမွေးနှုန်းသည် ၂၀၁၄ မှ ၂၀၁၉ ကာလအတွင်း ကျဆင်းလာခဲ့။
- ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် (၁၉) နှစ်အရွယ် ဆယ်ကျော်သက် အမျိုးသမီး (၁၀၀၀) ဦးတွင် ကလေး (၄၇) ဦးနှုန်း မွေးဖွားလျက်ရှိ။

# ပညာရေးအဆင့်အတန်းအလိုက် မွေးဖွားမှုအခြေအနေ (၂၀၁၉)




- စာမတတ်/ မတွက်ချက်နိုင်သည့် အမျိုးသမီးများ၏ ကလေးမွေးနှုန်းသည် စာတတ်/တွက်ချက်နိုင်သည့် အမျိုးသမီးများ၏ မွေးနှုန်းထက်ပိုများ။
- မူလတန်းအဆင့် အမျိုးသမီးတစ်ဦး ကလေးမွေးနှုန်း = ၂.၄၇ ဦးနှုန်း။
- ဘွဲ့ရ အမျိုးသမီးတစ်ဦး ကလေးမွေးနှုန်း = ၁.၃၁ ဦးနှုန်း။

# ကလေးသေဆုံးမှု

| ဒေသ/ကျား/မ | ၂၀၁၄ သန်းခေါင်စာရင်း | | | ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း | | |
|---|---|---|---|---|---|---|
| | တစ်နှစ်အောက် ကလေးသေနှုန်း | ကလေး သေနှုန်း | ငါးနှစ်အောက် ကလေးသေနှုန်း | တစ်နှစ်အောက် ကလေးသေနှုန်း | ကလေး သေနှုန်း | ငါးနှစ်အောက် ကလေးသေနှုန်း |
| ပြည်ထောင်စု | ၆၁.၈ | ၁၀.၀ | ၇၁.၈ | ၃၀.၉ | ၇.၀ | ၃၇.၇ |
| မြို့ပြ | ၄၁.၀ | ၅.၃ | ၄၆.၃ | ၂၂.၃ | ၄.၁ | ၂၆.၃ |
| ကျေးလက် | ၆၇.၂ | ၁၁.၆ | ၇၈.၈ | ၃၄.၁ | ၈.၂ | ၄၂.၁ |
| ကျား | ၆၉.၉ | ၁၁.၄ | ၈၁.၃ | ၃၉.၄ | ၉.၁ | ၄၈.၂ |
| မ | ၅၃.၆ | ၈.၄ | ၆၂.၀ | ၂၁.၁ | ၄.၄ | ၂၅.၄ |

၂၀၁၄ သခစနှင့် ၂၀၁၉ ကြားဖြတ် သခစ နှိုင်းယှဉ်ပါက ကလေးသေဆုံးနှုန်း သိသာစွာ လျော့ကျလျက်ရှိ။

# သေဆုံးမှုဆိုင်ရာညွှန်ကိန်းများနှိုင်းယှဉ်ချက် (၂၀၁၉)

| သေဆုံးမှုဆိုင်ရာ ညွှန်ကိန်းများ | မြန်မာနိုင်ငံ* | အရှေ့တောင်အာရှ** | ဖွံ့ဖြိုးဆဲနိုင်ငံများ** | ကမ္ဘာ့နိုင်ငံများ** |
|---|---|---|---|---|
| **သေနှုန်းကြမ်း (လူဦးရေ ၁,၀၀၀ ဦးတွင်)** | ၇.၈ | ၆.၆ | ၇.၀ | ၇.၆ |
| **တစ်နှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်)** | ၃၁ | ၁၉ | ၃၁ | ၂၈ |
| **ငါးနှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်)** | ၃၈ | ၂၄ | ၄၂ | ၃၈ |

မှတ်ချက်။ * ၂၀၁၉ ခုနှစ် မြန်မာနိုင်ငံ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း

** World Mortality 2019, Data Booklet, UNDESA

# ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှု (၂၀၁၄)




- ၂၀၁၄ သခစ – မြန်မာနိုင်ငံတွင် အရှင်မွေးကလေး (၁၀၀,၀၀၀) တွင် ကိုယ်ဝန်ဆောင်မိခင် (၂၈၂) ဦးနှုန်း သေဆုံး၊

  မြို့ပြ – ၁၉၃၊ ကျေးလက် – ၃၁၀

  တစ်ရက်လျှင် ကိုယ်ဝန်ဆောင်မိခင် (၈) ဦးနှုန်းခန့် သေဆုံး၊
- ၂၀၂၀ ခုနှစ် – UN Interagency အဖွဲ့များ၏ ခန့်မှန်းတွက်ချက်မှုအရ ကိုယ်ဝန်ဆောင်မိခင် သေနှုန်းသည် (၁၇၇) ဦးသို့ လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရ။

# မွေးဖွားစဉ်မျှော်မှန်းသက်တမ်း

| | ၂၀၁၄ သန်းခေါင်စာရင်း | ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်း | ၂၀၂၃ ခုနှစ် ခန့်မှန်း |
|---|---|---|---|
| **စုစုပေါင်း** | **၆၄.၇** | **၆၉.၄** | **၆၈.၁** |
| ကျား | ၆၀.၂ | ၆၆.၅ | ၆၃.၈ |
| မ | ၆၉.၃ | ၇၃.၃ | ၇၂.၅ |

- ၂၀၁၄ မှ ၂၀၁၉ အတွင်း မွေးဖွားစဉ်မျှော်မှန်းသက်တမ်း မြင့်တက်လာကြောင်း တွေ့ရှိရ။
- အမျိုးသားများထက် အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းသည် ပို၍မြင့်မားသည်ကို တွေ့ရှိရ။

# မျှော်မှန်းသက်တမ်း နှိုင်းယှဉ်ချက် (၂၀၁၉)

| | မြန်မာနိုင်ငံ * | အရှေ့တောင်အာရှ ** | ဖွံ့ဖြိုးဆဲနိုင်ငံများ ** | ကမ္ဘာ့နိုင်ငံများ ** |
|---|---|---|---|---|
| မွေးဖွားစဉ်မျှော်မှန်းသက်တမ်း (နှစ်) | ၆၉.၄ | ၇၂.၇ | ၇၁.၀ | ၇၂.၆ |
| ကျား | ၆၆.၅ | ၆၉.၈ | ၆၉.၀ | ၇၀.၂ |
| မ | ၇၃.၃ | ၇၅.၈ | ၇၃.၂ | ၇၅.၀ |

မှတ်ချက်။ * ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း
** World Mortality 2019, Data Booklet, UNDESA

Map 6.1 Lifetime Internal Migration Flows

a) Between States/Regions other than Yangon Region

b) To and From Yangon Region




# ပြည်တွင်းရွှေ့ပြောင်းသွားလာမှု (၂၀၁၄)

**၂၀၁၄ ခုနှစ် –**

- လူဦးရေ၏ ၂၀% သည် ဘဝတလျှောက် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းဖူးသူများဖြစ်။
- လတ်တလောရွှေ့ပြောင်းသူ ၃.၃၆ သန်း (၇%)
- လူဦးရေ ပုံ့နှံမှု မညီမျှကြောင်း တွေ့ရှိရ။
- လူဦးရေစီးကြောင်းများသည် ရန်ကုန်သို့ ဦးတည်လျှက်ရှိ။

# ပြည်တွင်းရွှေ့ပြောင်းသွားလာမှု (၂၀၁၉)

- **ပြောင်းဝင်နှုန်း** (လူဦးရေ ၁,၀၀၀ တွင်)
  - အမြင့်ဆုံး = ရန်ကုန် (၂၆၅)
  - အနိမ့်ဆုံး = ဧရာဝတီ (၁၄.၄)
- **ပြောင်းထွက်နှုန်း** (လူဦးရေ ၁,၀၀၀ တွင်)
  - အမြင့်ဆုံး = ဧရာဝတီ (၁၅၉)
  - အနိမ့်ဆုံး = ရန်ကုန် (၂၇)



# မြို့ပြအသွင်ကူးပြောင်းလာခြင်း




- မြန်မာနိုင်ငံသည် နှစ်ပေါင်း (၄၀) အတွင်း မြို့ပြအသွင်ကူးပြောင်းမှု အနည်းငယ်သာဖြစ်ပေါ်ခဲ့။
- ၂၀၅၀ ပြည့်နှစ်တွင် မြို့ပြလူဦးရေ ၂၂.၅ သန်း (၃၄.၇%) သာဖြစ်လာမည်ဟု ခန့်မှန်းထား။

# ပြည်ပရွှေ့ပြောင်းသွားလာမှု (၂၀၁၄)

- ၂၀၁၄ ခုနှစ် – လူဦးရေ ၂ သန်းခန့် (စုစုပေါင်းလူဦးရေ ၏ ၄%) ပြည်ပတွင်ရောက်ရှိ နေထိုင်လျက်ရှိ။
- လတ်တလော ရွှေ့ပြောင်းသူများမှာ ၁.၄ သန်းခန့်ရှိ (၂၀၁၀ နောက်ပိုင်း)။
- ခန့်မှန်းတွက်ချက်မှုများအရ နိုင်ငံခြားသို့ ရောက်ရှိ နေထိုင်သူ ၄.၂၅ သန်းခန့် ရှိနိုင်။




မွန် – ၂၁%
ကရင် – ၁၆%
ရှမ်း – ၁၂%
တနင်္သာရီ – ၁၂%

# ပြည်ပရွှေ့ပြောင်းသွားလာမှု

- နိုင်ငံခြားသို့ ရောက်ရှိနေသူ အများစုမှာ အသက် (၂၀) မှ (၄၄) အတွင်းရှိ လူငယ် လူရွယ်များဖြစ်။
- နိုင်ငံ့စွမ်းအားအတွက် အရေးပါသော အရွယ်များ နိုင်ငံ ပြင်ပတွင် ရောက်ရှိနေ။

နိုင်ငံခြားတွင် ရောက်ရှိနေသော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ်
(၂၀၁၄ သခစ နှင့် ၂၀၁၉ ကြားဖြတ်သခစ)



# လုပ်သားအင်အားပါဝင်မှု

အသက် (၁၅) နှစ်နှင့်အထက် လူဦးရေ၏
လုပ်သားအင်အား ပါဝင်နှုန်း




- **၂၀၁၄ သန်းခေါင်စာရင်း** – အသက် ၁၅ နှစ်နှင့် အထက် လူဦးရေ၏ ၆၃% သည် လုပ်သားအင်အားတွင် ပါဝင်၊
- ကျား = ၈၂ %၊ မ = ၄၇ %၊
- **၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်း** – အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၆၃% သည် လုပ်သား အင်အားတွင် ပါဝင်၊
- ကျား = ၇၆%၊ မ = ၅၃%၊
- **ကျား/မ ကွာဟမှု ကြီးမားနေဆဲဖြစ်၊**

# လူဦးရေပြောင်းလဲမှုဖြစ်စဉ် သုံးသပ်ချက်

- ခန့်မှန်းချက်အရ သက္ကရာဇ် ၂၀၅၀ ထိ လူဦးရေတိုးနေမည်ဖြစ်သော်လည်း မွေးဖွားနှုန်း ဆက်တိုက်ကျဆင်းလာမှုကြောင့် ကလေးဦးရေလျော့ကျလာပြီး သက်ကြီးရွယ်အိုဦးရေ တိုးပွားလာမည်၊
- အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရှိ လူဦးရေတိုးပွားနေခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်း ရရှိနေ၊
- ကျား/မ ပါဝင်မှုအရ (၁၅–၆၄ နှစ်) အမျိုးသမီးပါဝင်မှု ပိုမိုများပြားသော်လည်း အမျိုးသမီး ၂ ဦး တွင် ၁ ဦး သာ အလုပ်လုပ်ကိုင်၊
- သေဆုံးနှုန်းကျဆင်းနေသော်လည်း ကလေးသေနှုန်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးနှုန်းတို့သည် အာဆီယံနိုင်ငံများအနက် မြင့်မားဆဲဖြစ်၊
- ပြည်တွင်းရွှေ့ပြောင်းသူအများစုသည် ရန်ကုန်မြို့သို့ ဦးတည် ရွှေ့ပြောင်းနေထိုင်ကြ၊
- ပြည်ပရွှေ့ပြောင်းသူအများစုသည် ထိုင်းနှင့် မလေးရှားနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် ရွှေ့ပြောင်းကြ။

# မူဝါဒဆိုင်ရာ အကြံပြုချက်




- **အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားနေခြင်း** – မိသားစုစီမံကိန်း၊ ပြည်သူ့ကျန်းမာရေး၊ ပညာရေး၊ အုပ်ချုပ်မှုယန္တရား၊ စီးပွားရေးနှင့် အလုပ်အကိုင်ဈေးကွက်တို့အတွက် မှန်ကန်သော မူဝါဒများ၊ အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်သင့်၊



- **အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး** – ခေတ်မီသားဆက်ခြား နည်းလမ်းများ အသုံးပြုနိုင်ရေး၊ အမျိုးသမီးငယ်များအား ပညာသင်ကြားခွင့် ရရှိစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ဦးစားပေးအဆင့် သတ်မှတ်၍ တိုးမြှင့်လုပ်ဆောင်သင့်၊



- **ရန်ကုန်မြို့တော်သို့ ဦးတည်ရွှေ့ပြောင်းမှုများပြား** – အိမ်ရာနှင့် လူမှုဝန်ဆောင်မှုများ လုံလောက်စွာရရှိစေရေး စီမံဆောင်ရွက်သင့်၊ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင် စက်မှုဇုန်များတည်ထောင်ပေးခြင်းဖြင့် တပြေးညီဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်။

# မူဝါဒဆိုင်ရာ အကြံပြုချက်







- ပြည်ပရွှေ့ပြောင်းမှုမြင့်မား – ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသင့်၊
- ပြည်ပရွှေ့ပြောင်းသွားလာမှုမှ စီးပွားရေးအကျိုးအမြတ်ရရှိစေရန် –
  - ကောင်းမွန်သော ငွေလွှဲပို့မှုစနစ် ဖြစ်စေရေး၊
  - သတင်းအချက်အလက်များ ဖြန့်ဝေပေးမှု ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊
  - ကောင်းမွန်သောမူဝါဒများ ချမှတ်ခြင်း၊
- သန်းခေါင်စာရင်းရလဒ်များကို လေ့လာသုံးသပ် – စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒ၊ အစီအစဉ်များ ချမှတ်ဆောင်ရွက်သင့်၊
- အချက်အလက်များစဉ်ဆက်မပြတ်ရရှိစေရေး – သန်းခေါင်စာရင်း၊ စစ်တမ်းများကို ပုံမှန်ကောက်ယူသင့်။

# www.dop.gov.mm






# ကျေး ဇူး တင် ပါ သည်